## ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်
{ နည်းဥပဒေ ၁၇ (ဃ) }
ခုံသမာဓိအဖွဲ့
မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့
အငြင်းပွားမှုအမှတ်(၉/၂၀၁၆)

| | |
|---|---|
| ဦးခင်မောင်သော်(အလုပ်သမား)<br>အင်ပါယာစက္ကူစက်ရုံ<br>အ-၁၄/A&D၊ ၆၅ လမ်း၊ (ဂ)ရပ်ကွက်<br>ပြည်ကြီးတံခွန်မြို့နယ် | နစ်နာ၍တောင်းဆိုသူ |
| ဦးစံရှိန်(ပိုင်ရှင်)<br>အင်ပါယာစက္ကူစက်ရုံ<br>အ-၁၄/A&D၊ ၆၅ လမ်း၊ (ဂ)ရပ်ကွက်<br>ပြည်ကြီးတံခွန်မြို့နယ် | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ( ၉ )ရက်

## ဆုံးဖြတ်ချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အင်ပါယာစက္ကူစက်ရုံ ဦးစံရှိန်(ပိုင်ရှင်) နှင့် အလုပ်သမား ဦးခင်မောင်သော် တို့၏ အငြင်းပွားမှုအား ပြည်ကြီးတံခွန်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ပါသည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာ နှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်-

<u>ကောက်ချက်အမှတ်(၁)။</u> အလုပ်သမား ဦးခင်မောင်သော်မှ အလုပ်မှ ထုတ်ပယ်ခြင်းခံရသဖြင့် မူလနေရာ၊ မူလရာထူးဖြင့် အလုပ်ပြန်လည်ခန့်ထားပေးပါရန် တောင်းဆိုခြင်း။

<u>သုံးသပ်ချက်အမှတ်(၁)။</u> အမှုဖြစ်စဉ်မှာ အင်ပါယာစက္ကူစက်ရုံမှ စက်မောင်းခေါင်းဆောင် ဦးခင်မောင်သော်သည် ၂၀၁၄ ခုနှစ်၊ ဇွန် လ အတွင်းက အလုပ်ချိန်အတွင်း ပြင်ပသို့ထွက်ခွာ၍ အရက်သေစာ သောက်စားခဲ့ခြင်းအတွက် ဝန်ခံကတိ လက်မှတ်ရေးထိုးခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်၊ ဇွန် လအတွင်း၌

လုပ်ငန်းခွင်အတွင်း ခိုက်ရန်ဖြစ်ပွားမှု ဖြစ်ပွားခဲ့သည့်အတွက် ခိုက်ရန်ဖြစ်ပွားရာတွင် ပါဝင်သည့် စက်မောင်း ဦးခင်မောင်သော်၊ ဦးစိုးခိုင်နှင့် ဦးသက်နိုင်ဦး တို့အားလည်း ယင်းကိစ္စရပ်မျိုး ထပ်မံမဖြစ်စေရန်အတွက် ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ ထို့နောက် ၁၇-၈-၂၀၁၆ ရက်နေ့တွင် ဦးခင်မောင်သော်သည် အလုပ်ချိန်အတွင်း ပြင်ပသို့ ထွက်ခွာရာတွင် တာဝန်ရှိသူထံ ခွင့်ပြုချက် ရယူခြင်းမရှိဘဲ သွားရောက်ခဲ့ခြင်းတို့အတွက် ၂၃-၈-၂၀၁၆ ရက်နေ့တွင် အလုပ်မှထုတ်ပယ်ခဲ့ရာမှ ပေါ်ပေါက်လာသည့် အငြင်းပွားမှုဖြစ်ပါသည်။

လုပ်ငန်းခွင်အတွင်း အလုပ်ချိန်၌ ပြင်ပသို့ ထွက်ခွာ၍ အရက်သေစာ သောက်စားခဲ့ခြင်းနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းတို့အတွက် ဝန်ခံကတိ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့မှုကို အလုပ်ရှင်/ စီမံခန့်ခွဲသူမှ သက်သေခံ စာရွက်စာတမ်းဖြင့် တင်ပြရာတွင် ယင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝန်ခံကတိ လက်မှတ်ရေးထိုးခဲ့သည်မှာ မှန်ကန်ကြောင်း တင်ပြထားပြီး ဝန်ခံကတိ ရေးထိုးပြီးနောက် အရက်သေစာ သောက်စားမှုနှင့် ပတ်သက်၍ ထပ်မံကျူးလွန်ခဲ့ခြင်း မရှိကြောင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ပတ်သက်၍ ခိုက်ရန်ဖြစ်ပွားမှုတွင် ပါဝင်သည့် စက်မောင်း ဦးစိုးခိုင်နှင့် ဦးသက်နိုင်ဦးတို့မှာ အလုပ်တာဝန်ချိန် ဖြစ်သော်လည်း ဦးခင်မောင်သော်မှာ အလုပ်နားရက်ဖြစ်ကြောင်း၊ နေထိုင်သည့်အဆောင်တွင် လုပ်ငန်းကိစ္စနှင့် ပတ်သက်၍ အပြန်အလှန် စကားများခြင်းသာဖြစ်ကြောင်း ထွက်ဆို တင်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

ထို့ပြင် ဦးခင်မောင်သော်မှ ၁၇-၈-၂၀၁၆ ရက်နေ့တွင် လုပ်ငန်းချိန်အတွင်း ခွင့်ပြုချက်ရယူခဲ့ခြင်းမရှိဘဲ နေ့လည်(၁း၀၀)မှ (၂း၃၀)နာရီအချိန်တွင် ပြင်ပသို့ထွက်ခွာခဲ့ခြင်းမှာ စက်ရုံ၏ အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရာတွင် အဖွဲ့ဝင်(၄)ဦး၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားများ စစ်ဆေးရန် ကျန်ရှိမှုအား မြို့နယ်မှတ်ပုံတင် အရာရှိထံ သွားရောက် တင်ပြခြင်းဖြစ်ကြောင်းနှင့် ၎င်းမှာ အခြေခံအလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံထားရသူ ဖြစ်ကြောင်းနှင့် အဖွဲ့အစည်း မှတ်ပုံတင် ရရှိရေးအတွက် တင်ပြ ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်မှတ်ပုံတင်အရာရှိမှ အခြေခံအလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်လွှာ လက်ခံရရှိကြောင်းပြေစာ ၁၈-၈-၂၀၁၆ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပေးထားမှုကို သက်သေခံအဖြစ် တင်ပြထွက်ဆိုထားသည်ကိုလည်း သုံးသပ်တွေ့ရှိရပါသည်။

ထို့ပြင် လုပ်ငန်းခွင်အတွင်း အလုပ်ချိန်တွင် ပြင်ပသို့ ခေတ္တခဏ ထွက်ခွာခြင်းအတွက် စက်ရုံမှ စည်းကမ်းသတ်မှတ်ထားမှု မရှိခဲ့ကြောင်း မိမိတာဝန်အား အခြားသူတစ်ဦးသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေပြီး ထွက်ခွာခြင်းများ ဆောင်ရွက်ကြရပါကြောင်း ဦးခင်မောင်သော်နှင့် သက်သေ ဦးမျိုးချစ်သူတို့မှ ထွက်ဆိုထားသည်ကိုလည်း တွေ့ရှိရ

ကြောင်း ထိုနေ့က ဦးခင်မောင်သော် ပြုပြင်ပေးသို့ ထွက်ခွာချိန်တွင် စက်ဆရာ ဦးကျော်မိုးနိုင်အား ကိုယ်စားဆောင်ရွက်စေခဲ့ပါကြောင်း ထွက်ဆိုထားသည်ကိုလည်း သုံးသပ်တွေ့ရှိရပါသည်။

အင်ပါယာစက္ကူစက်ရုံတွင် ဦးခင်မောင်သော် စတင်အလုပ်ဝင်ရောက်သည်ဟု ဖော်ပြပါရှိသည့် ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလမှာ မဟုတ်မှန်ကြောင်း စက်ရုံတည်ဆောက်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၁၈-၈-၂၀၀၉ ရက်စွဲဖြင့် ဆောက်လုပ်ခွင့် မှတ်တမ်းမိတ္တူကို သက်သေခံအဖြစ် တင်ပြထားပြီး အလုပ်ရှင် ကိုယ်စားလှယ်အဖြစ် လာရောက်ထွက်ဆိုတင်ပြသည့် ဦးတင့်ဆွေမှ အင်ပါယာစက္ကူစက်ရုံတွင် စက်များ စတင်တပ်ဆင်စဉ်ကပင် ပါဝင်လုပ်ကိုင်သူဖြစ်ကြောင်းနှင့် ၂၀၁၀ ခုနှစ်မှ စတင်စမ်းသပ် လည်ပတ်ခြင်းဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ စီးပွားဖြစ် လည်ပတ်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုတင်ပြထားသည်ကိုလည်း သုံးသပ်တွေ့ရှိရပါသည်။

အင်ပါယာစက္ကူစက်ရုံတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်(EC)စာချုပ်ချုပ်ဆို ကျင့်သုံးဆောင်ရွက်ထားခြင်း မရှိသည်ကိုလည်း သုံးသပ်တွေ့ရှိရပါသည်။ နှစ်ဖက်ထွက်ဆိုချက်များနှင့် သက်သေတို့၏ ထွက်ဆိုချက်များအရ အင်ပါယာစက္ကူစက်ရုံတွင် အလုပ်ခွင် စည်းကမ်းများသတ်မှတ် ကျင့်သုံးဆောင်ရွက်မှုမရှိဘဲ အဆင့်ဆင့် တာဝန်ရှိသူများ၏နှုတ်ဖြင့် ကြီးကြပ်လမ်းညွှန်ပြောကြားချက်ဖြင့် မိသားစုသဏ္ဍာန် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရပြီး အလုပ်ရှင်ကိုယ်စားလှယ်များသည် ထိုသို့ဆောင်ရွက်ရာတွင် အလုပ်သမားများက လိုက်နာမှုမရှိဘဲ ဖြင်းဆန်မှုများရှိလာသဖြင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် စည်းကမ်းချက်များ ထုတ်ပြန်ခဲ့ပါကြောင်း ၁၅-၈-၂၀၁၆ ရက်နေ့မှ စတင်ထုတ်ပြန်ခြင်းဖြစ်ကြောင်း ယင်းစည်းကမ်းချက်များအား အလုပ်သမားများအား သိရှိကြောင်း လက်မှတ်ရေးထိုး ဆောင်ရွက်စေခဲ့ရာ အလုပ်သမား အချို့လက်မှတ် ရေးထိုးခဲ့ပြီး၊ အချို့မှာ လက်မှတ်ရေးထိုးမှုမရှိခဲ့ပါကြောင်း သို့ဖြစ်၍ ၂၀-၈-၂၀၁၆ ရက်နေ့တွင် ကြော်ငြာသင်ပုန်းၙကပ်၍ ထုတ်ပြန် ကြေညာခဲ့ပါကြောင်း ထွက်ဆိုထားသည်ကိုလည်း သုံးသပ်တွေ့ရှိရပါသည်။ ထိုသို့ထုတ်ပြန်ခဲ့သည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ပထမအကြိမ်နှုတ်ဖြင့် သတိပေးခြင်း၊ ဒုတိယအကြိမ်အဖြစ်စာဖြင့် သတိပေးခြင်း၊ တတိယအကြိမ်တွင် ဝန်ခံကတိရေးထိုးစေ၍ ပြင်းထန်စွာ အသိပေးပြီးနောက် ထပ်မံကျူးလွန်ပါက နစ်နာကြေးမပေးဘဲ အလုပ်မှရပ်စဲသည်အထိ အပြစ်ပေးမည်ဖြစ်ကြောင်း ဖော်ပြပြီး သာမန်ပြစ်မှုအဖြစ် သတ်မှတ်သည့် စည်းကမ်းချက်(၂၅)ခုနှင့် ကြီးလေးသောပြစ်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ထင်ရှားလျှင် တစ်ကြိမ်တည်းဖြင့် အလုပ်မှ ရပ်စဲသည့် အပြစ်ပေးခံရမည့်အပြင် မည်သည့်နစ်နာကြေးအကျိုးခံစားခွင့်မှ ရမည်မဟုတ်ကြောင်း ဖော်ပြပါရှိသည့် ကြီးလေး

သောပြစ်မှုအဖြစ် သတ်မှတ်သည့် စည်းကမ်း(၉)ချက် ပါဝင်သည်ကို တွေ့ရှိရပြီး သာမန်ပြစ်မှုတွင် ပါဝင်သည့် စည်းကမ်းချက် အပိုဒ်(၂၄) အခါအားလျော်စွာ လိုအပ်ချက်အရ ထုတ်ပြန်သော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည့်နှင့် စည်းကမ်းချက် အပိုဒ်(၂၅) လုပ်ငန်းခွင်အတွင်း လုပ်ငန်းခွင် အေးချမ်းသာယာရေးကို သော်လည်းကောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို သော်လည်းကောင်း ထိခိုက်စေနိုင်သည့် မရိုးဖြောင့်သော သဘောဖြင့် တရားမဝင် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းရန် စည်းရုံးလှုံ့ဆော်ခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ အလုပ်မဆင်းရန် နှိုးဆော်ခြင်းများကို မပြုလုပ်ရဟူသည့် အချက်များကို ကျေနပ်မှုမရှိ၍ အလုပ်သမားများမှ လက်မှတ်မရေးထိုးခဲ့ခြင်းဖြစ်ကြောင်း တောင်းဆိုသူမှ ထွက်ဆိုထားသည်ကိုလည်း သုံးသပ်တွေ့ရှိရပါသည်။

အလုပ်ရှင်ကိုယ်စားလှယ်မှ ဦးခင်မောင်သော်အား စက်ရုံမှ ကြိုတင်ထုတ်ပေးငွေများ ထုတ်ပေးခဲ့ကြောင်း အကျေပြန်လည်ပေးဆပ်ရမည့် နေ့ရက်တွင် ပေးဆပ်နိုင်မှုမရှိဘဲ နှစ်ကာလ ကြာမြင့်ခဲ့ကြောင်း ယခုအချိန်တွင် အကျေပေးဆပ်ခဲ့ပြီး ဖြစ်သော်လည်း ၎င်းကိုယ်တိုင် သတ်မှတ်သည့် နေ့ရက်တွင် ပေးဆပ်ရန် ပျက်ကွက်ခဲ့သည်များရှိကြောင်း ထွက်ဆိုထားသည်ကိုလည်း သုံးသပ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဤအငြင်းပွားမှုတွင် အလုပ်ရှင်/ စီမံခန့်ခွဲသူနှင့် တောင်းဆိုသူနှစ်ဦးနှစ်ဖက်တို့တွင် စီမံခန့်ခွဲအုပ်ချုပ်မှုနှင့် ဝန်ထမ်းဆောင်မှုဆိုင်ရာ လိုက်နာဆောင်ရွက်သင့်သည့် လိုအပ်ချက်များ ရှိသည်ကို တွေ့ရှိရသဖြင့် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား ဆက်ဆံရေးကောင်းမွန်စေရေးနှင့် အငြင်းပွားမှုများ လျော့နည်းစေရေး တို့အတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုကျင့်သုံးဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သို့ပါ၍ ဦးခင်မောင်သော်(စက်မောင်း)အား အလုပ်မှထုတ်ပယ်သည်အထိ အပြစ်ပေးအရေးယူရန် လုံလောက်သည့် အကြောင်းတစုံတရာ မတွေ့ရှိရ၍ မူလရာထူး၊ မူလအလုပ်အကိုင်၊ မူလလစာဖြင့် အလုပ်ပြန်လည်ခန့်ထားပေးသင့်ကြောင်း ဤခုံသမာဓိအဖွဲ့မှ သုံးသပ်တွေ့ရှိရပါသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ အလုပ်သမား ဦးခင်မောင်သော်အား မူလရာထူး၊ မူလနေရာတွင် အလုပ်ပြန်လည်ခန့်ထားပေးရန်။(ကြားကာလနစ်နာကြေးပေးရန်မလို)

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်းပေးရမည်။

မှတ်ချက်။ (၁) ဤဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီသို့ လျှောက်ထားနိုင်သည်။ သို့မဟုတ် အလုပ်ပိတ် ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းကို သက်ဆိုင်ရာ ဥပဒေအရ ပြုလုပ်နိုင် သည်။

(၂) မှတ်ချက်(၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့် နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဦးဦးကြွား)
အတွင်းရေးမှူး

(ဦးတင်ထွန်း)
ဥက္ကဋ္ဌ

(ဦးခင်မောင်လှ)
အဖွဲ့ဝင်

(မြင့်နိုင်)
အဖွဲ့ဝင်

(ဦးဇော်ဇော်ဦး)
အဖွဲ့ဝင်

(ဦးမျိုးသန့်)
အဖွဲ့ဝင်

(ဦးဇော်နိုင်)
အဖွဲ့ဝင်

(ဦးဇော်မြတ်သူ)
အဖွဲ့ဝင်

(ဦးကျော်ကျော်ထွန်း)
အဖွဲ့ဝင်

(ဦးမော်ထွန်း)
အဖွဲ့ဝင်

(ဦးအောင်ရွှေ)
အဖွဲ့ဝင်